YOMA GROUP · YOMA PEOPLE 2020

# Yoma Bulletin

ရိုးမ သတင်းစဉ်

Group Bi-weekly highlights

HEADLINES

## Be Responsible

Yoma Group prioritises your health and safety. We have been working hard to minimise the spread of Covid-19 at our workplaces with strict rules and regulations implemented to protect you when you come back to the office.

We have had several incidences where employees have attended their workplace while experiencing Covid-19 symptoms. This irresponsible behavior has resulted in having to close our workplaces and has placed many of our employees and customers at risk. The Group is taking every care to ensure that we support our staff, we need you, our employees, to also take responsibility.

If you are suffering from any Covid-19 related symptoms, it is mandatory that you follow these procedures:

1. Do NOT come to your workplace.
2. Call TeleHealth "09 887 700 926" to consult with a doctor.
3. Inform your manager immediately.

You will not be supporting your colleagues if you come to the office sick. In fact, such an action could lead to the entire office going into quarantine - and may cause someone to become seriously ill.


Disciplinary action could be taken against any employee who deliberately and knowingly ignores these procedures.

Being a good member of the Yoma Family means we do not put ourselves, or our colleagues at risk.

We care about your health and safety, and we will provide support for anyone with a suspected case of Covid-19. If you are not feeling well, call TeleHealth where the doctors will assess your condition and provide professional medical advice on the best way for you to recover.

ရိုးမလုပ်ငန်းစုသည် မိမိတို့ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို အစဉ်မြဲ ဦးစားပေးပါသည်။ လတ်တလောတွင် ဖြစ်ပွားနေသော Covid-19 ရောဂါကူးစက်ပြန့်နှံ့မှုကို လုပ်ငန်းခွင်အတွင်း ထိန်းချုပ်နိုင်ရန် ရိုးမလုပ်ငန်းစုမှ စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်စွာ ထုတ်ပြန်ထားပါသည်။

ဝန်ထမ်းများသည် Covid-19 ဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသော်လည်း အလုပ်ခွင်သို့ လာရောက်နေသည့် ဖြစ်ရပ်များစွာကို ကြုံတွေ့နေရပါသည်။ ထိုကဲ့သို့ တာဝန်မဲ့သော အပြုအမူကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းခွင်အချို့အား ပိတ်ရခြင်း၊ စီမံခန့်ခွဲမှုမှ အကြီးတန်းဝန်ထမ်းများကို တစ်ယောက်တည်း သီးသန့်နေစေခြင်းအပြင် အခြားဝန်ထမ်းများနှင့် ကာစတန်မာများကိုလည်း အန္တရာယ်ဖြစ်စေပါသည်။ ဝန်ထမ်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းစုမှကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်သိတတ်ရန် လိုအပ်ပါသည်။




ဝန်ထမ်းများအနေဖြင့် Covid-19 ဆိုင်ရာ ရောဂါလက္ခဏာတစ်ခုခုကို ခံစားရပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

(၁) အလုပ်သို့ "လုံးဝ" မလာရ
(၂) TeleHealth "၀၉ ၈၈၇ ၇၀၀ ၉၂၆" ထံ ဖုန်းဆက်ရန်
(၃) မိမိ၏ မန်နေဂျာထံ ချက်ချင်း အကြောင်းကြားရန်

အထက်ပါလမ်းညွှန်ချက်များအား လိုက်နာခြင်းမရှိသည့် ဝန်ထမ်းများသည်ပြင်းထန်စွာအရေးယူခြင်းခံရမည်ဖြစ်သည်။

ရောဂါကူးစက်ခံထားရသည့်ဝန်ထမ်းများ ရုံးသို့လာရောက်ခြင်းဖြင့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များကို ရောဂါကူးစက်စေနိုင်သည့်အပြင် လုပ်ငန်းခွင်အတွင်းရှိ အခြားဝန်ထမ်းများအားလုံး ကွာရန်တင်းဝင်ရန် ဖန်တီးပေးခြင်းကြောင့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကာစတန်မာများအား ဒုက္ခပေးရာရောက်ပါသည်။ ရိုးမ၏ မိသားစုဝင်ကောင်းတစ်ယောက်အနေဖြင့် မိမိကိုယ်တိုင်အပါအဝင် လုပ်ဖော်ကိုင်ဖက်များအား ထိခိုက်နစ်နာအောင် မပြုလုပ်သင့်ပါ။

သင်တို့၏ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကိုကျွန်ုပ်တို့မှအလေးထားသည့်အတွက် ရောဂါပိုးကူးစက်ခံရသည်ဟု သံသယရှိသူများကို အကောင်းဆုံးထောက်ပံ့ပေးသွားမှာဖြစ်ပါသည်။ သင်နေထိုင်မကောင်းပါက TeleHealth ထံဖုန်းခေါ်ဆိုပြီး ဆရာဝန်များမှ သင့်ကျန်းမာရေးအခြေအနေကို အကဲဖြတ်သုံးသပ်ကာ နေပြန်ကောင်းလာစေရန် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကို ပေးသွားမှာဖြစ်ပါသည်။

HR ANNOUNCEMENTS

# New Campus Regulations

With the reopening of Campus, a new structure has been put in place.

- Campus employees will be split into Team A and Team B and are restricted to only come in on their dedicated weeks.
- Campus is not allowing any non-Campus employees or non Yoma employee visitors to enter the building unless with special permission from Group HR.

To find out which team you belong to, please reach out to your managers.

Campus ရုံးပြန်ဖွင့်ချိန်အတွက် အောက်ပါစည်းကမ်းချက်များကို ချမှတ်ထားပါသည်။

- Campus ရှိ ဝန်ထမ်းများကို အဖွဲ့ A နှင့် B ခွဲထားပြီး သတ်မှတ်ထားသည့် အပတ်တွင်သာ ရုံးတက်ရပါမည်။
- Campus တွင် ရုံးမထိုင်သော ရုံးမ၏ ဝန်ထမ်းများနှင့် အခြားဧည့်သည်များ ရုံးအဆောက်အအုံအတွင်းသို့ ဝင်ခွင့်မရှိပါ။ Group HR ၏ ခွင့်ပြုချက် ရရှိထားမှသာ ဝင်ခွင့်ရှိပါသည်။

မိမိဘယ်အဖွဲ့မှာပါသလဲဆိုတာကို မိမိတို့၏ မန်နေဂျာများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




Here are some "Hot Roles" at Yoma this week:
ယခုအပတ်တွင် လုပ်ငန်းစုအတွင်း ခေါ်ယူနေသည့် ရာထူးနေရာများမှာ -

- Planning Manager (Yoma Central)
- Assistant HR Manager (KOSPA)
- Internal Audit Senior (Yoma Group)
- Senior Finance Manager (Yoma Motors)
- Senior Accountant (Yoma Micro Power)
- Tax Accountant (Memories Group)
- Brand Activation Assistant Manager (PHH)
- Commercial Manager (Yoma Central)

*Take charge of your career. For more internal job vacancies, click here.*






## HR ANNOUNCEMENTS

# YOMA EVENTS

### 11 DECEMBER - 26 DECEMBER

| DATE | EVENTS |
|---|---|
| 11 DEC Friday | SECRET SANTA DONATION 11 DEC - 14 DEC |
| | BIG & SPICY KFC TICKTOK CHALLENGE 11 DEC - 24 DEC |
| | PLANT CATWALK 11 DEC - 23 DEC |
| | YOMA RADIO STREAM 4:00 PM - 6:00 PM (EVERY MONDAYS, WEDNESDAYS AND FRIDAYS) |
| | GAME TALK SHOW 4:00 PM - 5:00 PM |
| 14 DEC Monday | YOMA LIP-SYNC CHALLENGE 14 DEC - 21 DEC |
| 15 DEC Tuesday | LUCKY DRAW LIVE EVENT BY YOMA FLEET 4:00 PM |
| 21 DEC Monday | POT TO KITCHEN CONTEST 21 DEC - 24 DEC |
| 26 DEC Saturday | MOTHER AND CHILD VIRTUAL EVENT (tentative) 26 DEC |

https://yomagroup.net/yoma-events

# Make a Child's Wish Come True

STEP-IN STEP-UP

Many children in orphanage schools face Christmas without any celebration or a Christmas present, but now you get to change this!

Join us by donating your secondhand toys, stationery, clothing items or any gifts you could think of to bring a smile on the kids of Victory Children's Home during this festive season. Simply drop your gift in the red boxes provided at Campus Gym room from today until 16th December during office hour.

Donate now to make their Christmas morning a little happier.

မိဘမဲ့ကလေးဂေဟာများမှ ကလေးငယ်များမှာ ခရစ်စမတ်ကို ဆင်နွဲမှုတွေမရှိ၊ လက်ဆောင်တွေမရှိဘဲ ဖြတ်သန်းနေကြရပါသည်။ ဒါကို သင့်အနေနှင့် အခုပဲ ပြောင်းလဲပေးနိုင်ဖို့ အခွင့်အရေး ရောက်လာပါပြီ။

သုံးပြီးသား အဝတ်အထည်များ၊ စာရေးကိရိယာများ၊ အရုပ်လေးများနှင့် အခြားပစ္စည်းများ လှူဒါန်းခြင်းဖြင့်




အခုလို ပျော်ရွှင်စရာအခါသမယမှာ ကလေးငယ်လေးတွေရဲ့မျက်နှာမှာ အပြုံးပန်းဝေနိုင်အောင် သင်လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါသည်။ သင့်ရဲ့ခရစ်စမတ်လက် ဆောင်များကို ယနေ့မှစ၍ ဒီဇင်ဘာလ ၁၆ ရက်နေ့ထိ ရုံးချိန်အတွင်း Campus ရုံး၏ Gym Room ရှိ အနီရောင် လက်ဆောင်ပုံးများထဲတွင် သွားရောက်ထားရှိနိုင် ပါသည်။

သူတို့လေးတွေရဲ့ ခရစ်စမတ် နံနက်ခင်းလေး ပိုမိုလှပပျော်ရွှင်လာစေဖို့ ပါဝင်လှူဒါန်းရင်း ကူသိုလ်ယူနိုင်မှာ ဖြစ်ပါသည်။

YOMA CONNECT

# Digital Medical Claim Reimbursement

Medical claim will soon be a digital process and reimburse by Wave account. More centralized claim forms will soon be available digitally on Yoma Connect under the form session.

မကြာမီတွင် ဆေးကုသစရိတ်များကို ဒီဂျစ်တယ်စနစ်ဖြင့်တောင်းခံပြီး Wave အကောင့်သို့ ပြန်ပေးသွားမှာ ဖြစ်ပါသည်။ ငွေပြန်တောင်းခံသည့် လျှောက်လွှာများကို မကြာမီတွင် Yoma Connect ရှိ လျှောက်လွှာဖောင်ကဏ္ဍတွင် ထားရှိသွားမှာဖြစ်ပါသည်။

# The New Taw Win Pun Hlaing Clinic

Visit our new clinic and get a 30% discount on Dermatology and Aesthetic procedures. Below a snapshot of Dermatology and Aesthetic services to try out:

- Vampire Facial
- PRP Anti Hair Loss Treatment
- Chemical Peeling
- Collagen Thread Lift
- Botox Treatments
- Laser Treatments
- Body and Face Contouring
- Acne and Scar Treatments

... and many more services!

The promotion period will run throughout the entire month of December, so make sure you don't miss out!

Pun Hlaing Clinic - Taw Win, 14/A, Taw Win St (Corner of Ambassador &Taw Win St), Dagon Tsp, Yangon, Myanmar. 09 42344 5653.

ပန်းလှိုင်ဆေးခန်းအသစ်တွင် အရေပြားနှင့် အလှအပရေးရာ ကုသမှုများအတွက် ၃၀% လျှော့စျေးရရှိနိုင်မှာဖြစ်ပါသည်။ အောက်ဖော်ပြပါ ဝန်ဆောင်မှုများအပြင် အခြားဝန်ဆောင်မှုများစွာလည်း ရရှိနိုင်ပါသည်။

- Vampire Facial
- PRP Anti Hair Loss Treatment
- Chemical Peeling
- Collagen Thread Lift
- Botox Treatments
- Laser Treatments




- Body and Face Contouring
- Acne and Scar Treatments

ပရိုမိုးရှင်းကို ဒီဇင်ဘာလအတွင်း ရရှိနိုင်မှာဖြစ်ဖို့ လက်မလွတ်စေရန် အသိပေးလိုက်ပါသည်။
တော်ဝင်ပန်းလှိုင်ဆေးခန်း - အမှတ် ၁၄/အေ၊
တော်ဝင်လမ်း (သံတမန်လမ်းနှင့် တော်ဝင်လမ်းထောင့်)၊
ဒဂုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။ ၀၉ ၄၂၃၄၄ ၅၆၅၃

ENTITIES HIGHLIGHTS

# Introducing The City Loft West and Star Hub

The importance of the environment where we live and work has been magnified significantly in recent months. The focus of Yoma Land has always been to create vibrant master planned communities that provides sustainable urban lifestyle to its residents.

Following the success of City Loft @ StarCity, we will be expanding the City Loft brand to another part of town in Yangon. Plans are underway to develop a second City Loft real estate development in the west of Yangon that is expected to accommodate more than 3,000 apartment units supported by communal, recreational and commercial areas, and will be established in a well-developed township.

Yoma Land will also be developing its first suburban commercial workspace called Star Hub. The development will further expand Star City's development plan, creating a vibrant residential, commercial and activity hub. Star Hub will offer long-term economical workplace solutions that are community-driven, and provides options for people to work and live in closer proximity as a result of its decentralised location. The first phase of the Star Hub development will comprise a low-rise office catering to prominent technology and financial services companies.

Stay tuned to more developments on both our City Loft brand and Star Hub project.








ပြီးခဲ့သည့်လများမှစ၍ မြို့နေလူထုတွေအနေနှင့်မည်သည့်နေရာတွင် နေထိုင်၊ လုပ်ကိုင်၊ ရင်းနှီးမြှုပ်နှံမည်ဆိုသည့် စဉ်းစားဆုံးဖြတ်ချက်သည် ပိုပြီးအရေးပါ ထင်ရှားပေါ်လွင်လာပါသည်။ အိမ်ရာဝန်းနေထိုင်သူများအတွက် ရေရှည်တွင် တည်တံ့ခိုင်မြဲမည့် မြို့ပြနေထိုင်မှုနှင့် စနစ်တကျ စီမံရေးဆွဲထားသည့် လူ့အသိုက်အဝန်းများ ဖြစ်တည်လာရေးကို ဖော်ဆောင်သွားရန် Yoma Land မှ အစဉ်အာရုံ စိုက် လုပ်ဆောင်ပါသည်။

City Loft @ StarCity မှ အောင်မြင်မှုများ ရရှိပြီးနောက် ဒုတိယမြောက် City Loft စီမံကိန်းကို ရန်ကုန်မြို့၏ အခြားတစ်နေရာတွင် ထပ်မံဆောက်လုပ်သွားရန် လိုအပ်ကြောင်း ကျွန်ုပ်တို့မှ သုံးသပ်ခဲ့ပါသည်။ Yoma Land အနေဖြင့် ဒုတိယမြောက် City Loft အား ရန်ကုန်မြို့၏ အနောက်ဘက်တွင် တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီမံကိန်းတွင် တိုက်ခန်းပေါင်း ၃,၀၀၀ ကျော်အထိ ပါဝင်မည်ဟု ခန့်မှန်းထားကာ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အဆောက် အအုံများ၊ အပန်းဖြေ နေရာများနှင့် ရုံး၊ ဈေးစသည် တို့ပါဝင်မှာဖြစ်ပါသည်။

Yoma Land အနေနှင့် Star Hub ဟုခေါ်သည့် ၎င်း၏ ပထမဆုံး ဆင်ခြေဖုံးရပ်ရှိ ရုံးခန်းအဆောက်အဦစီမံကိန်းကိုလည်း ဆောက်လုပ်သွားမှာဖြစ်ပါသည်။ ထိုစီမံကိန်းသည် StarCity မြို့ပြအိမ်ရာစီမံကိန်းအား စီးပွားရေးအချက်အချာများ၊ ရောင်းဝယ်ဖောက် ကားမှုများ၊ သက်ဝင်လှုပ်ရှားတက်ကြွမှုများ နှင့်ပြည့်ဝသည့် လူနေထိုင်မှု ပတ်ဝန်းကျင်ဖြစ်လာစေမှာ ဖြစ်ပါသည်။ Star Hub သည် မြို့ပြ မွန်းကျပ်မှုများကို ရှောင်ရှားပြီး၊ ဆင်ခြေဖုံးရပ်ရှိ လုပ်ငန်းခွင်နှင့် မလှမ်းမကမ်းတွင် နေထိုင်မှု ဖြစ်ထွန်းရန်နှင့် ကုန်ကျစရိတ်သက်သာသည့် လုပ်ငန်းခွင်နေရာတစ်ရပ်ကို ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါသည်။ Star Hub ၏ပထမအဆင့်တွင် အထင်ကရ နည်းပညာနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီများပါရှိမည့် အထပ်နိမ့်ရုံးအဆောက်အဦပါရမှာ ဖြစ်ပါသည်။

City Loft နှင့် Star Hub နှင့်ပတ်သက်သည့် နောက်ဆုံးရ အချက်အလက်များကို ထပ်မံဖော်ပြပေးသွားပါမည်။

# Win Your 2021 Dream Vacation Now

In addition to WavePay, Dream Vacation ticket(s) can now be purchased with cash payment at Awei Metta. The good news is that you can now pay directly at Awei Metta from December 9 to January 2, 2021 to fulfill your dream travel journey in 2021.

What are you waiting for?
Enter the lucky draw now.

Dream Vacation လက်မှတ်တွေကို WavePay မှ တစ်ဆင့် ဝယ်နိုင်ပြီဖြစ်သည့်အပြင် Awei Mettaတွင်လည်း ငွေသားဖြင့် ဝယ်ယူနိုင်ပြီဖြစ်ပါသည်။ ဒီဇင်ဘာလ ၉ ရက်နေ့မှစ၍ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ Awei Metta တွင် တိုက်ရိုက်ငွေပေးချေပြီး ကိုယ့်စိတ်ကူးယဉ် ခရီးသွား အိမ်မက်တွေကို ၂၀၂၁ ခုနှစ်မှာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါသည်။

စောင့်ဆိုင်းမနေဘဲ အခုဘဲ ကံစမ်းမဲအစီအစဉ်မှာ ပါဝင် လိုက်ကြရအောင်ပါ။

